# အကျဉ်းထောင်တွေမှာ အကျဉ်းသားဦးရေ ဝင်ဆံ့တာထက်ပိုများနေ




မြန်မာနိုင်ငံ အ မျိုးသားလူ့အခွင့်အရေးကော်မရှင် ကြည့်ရှု စစ်ဆေးရေးအဖွဲ့ရဲ့၂၀၁၇ ခုနှစ်အ  တွင်း အ ကျဉ်းထော  င် ၂၆ ခုကို □ ကြည့်ရှု စစ်ဆေးတွေ့ရှိချက်တွေအရ အကျဉ်းထောင်တွေ အကျဉ်းသားဦးရေက မူလဝင်ဆံ့တဲ့ အင်အားထက် အင်အားထက် ၃၇.၃၇ ရာခိုင်နှုန်း ပိုလျှံနေတယ်လို့ မြန်မာနိုင်ငံလူ့အခွင့်ရေးကော်မရှင်က ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

ဒီလိုအကျဉ်းသားတွေများပြားနေတာကို ဖြေလျှော့နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတ     ရုံးကို အကျဉ်းသား လျှော့ချရေး ဆိုင်ရာ အကြံပြုချက် စာတမ်းကို တင်ပြခဲ့ပြီး မီဒီယာတွေကနေတစ်ဆင့် ကြားသိတဲ့သူတွေ  က မိမိဆွေမျိုးတွေ အပါအဝင် လွ လွတ်စေချင်တဲ့အကျဉ်းသားတွေရဲ့အမည်စာရင်းကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဆီကို ပေးပို့လာတာတွေ ပးပို့လာတာတွေရှိခဲ့တယ်လို့ သိရပါတယ်။

ကော်မရှင်အနေနဲ့ အကျဉ်းသားဦးရေလျှော့ချနိုင်ဖို့အတွက် စဉ်းစားရမယ့်အချက်တွေ၊ ဆောင်ရွက်သင့်တဲ့ အစီအစ တဲ့  အစီအစဉ်တွေကို အ ဆိုပါ  အကြံပြုချက်စာတမ်းမှာ ရေးသားဖော်ပြထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်

သမ္မတရုံးရဲ့ခွင့်ပြုချက်ရရှိရင် တစ်ဦးချင်းစီရဲ့ အခြေအနေပေါ်မူတည်ပြီး ပြန်လည်စေလွှတ်နိုင်ရေးအတွက် အသေးစိတ် ဆောင်ရွက်တာတွေကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံရဲ့အကြီးဆုံးထောင်တစ်ခုဖြစ်တဲ့ အင်းစိန်အကျဉ်းထောင်က အကျဉ်းသား ၅ ထောင်လောက်ကို ပဲ ထိန်းသိမ်းထားလို့ရတဲ့ ထောင်ဖြစ်ပြီး လက်ရှိအချိန်မှာ အကျဉ်းသားဦးရေ တစ်သောင်းကျော်အထိ ရှိနေတဲ့အတွက်အ ကျဉ်းထောင်ချဲ့ဖို့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေကို အသိပေးတင်ပြသွား မယ်လို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်က ပြောပါတယ်။

**Credit : Duwun**